# NOTICE OF CAPITAL INCREASE IN SIGNIFICANT SUBSIDIARY

The Board of Directors of First Myanmar Investment Co., Ltd. (the "Company" and with its subsidiaries, the 'Group') wishes to announce that the Company has increased its capital contribution, in two tranches, to Yoma Bank Limited ("Yoma Bank"), the Company's 51.0% owned subsidiary.

**Details of the Capital Increase**

| | |
|---|---|
| Total capital increase (the Company's contribution) | Ks. 7,140 million |
| Method of capital increase | Subscription of new ordinary shares |
| Yoma Bank's shareholders' equity immediately before the increase | Ks. 69,927.54 million* |
| Yoma Bank's shareholders' equity immediately after the increase | Ks. 78,611.91 million |

* Since the Company's last capital increase announcement dated 27 April 2016, Yoma Bank's shareholders' equity has increased due to a cumulative increase in retained earnings and reserves.

**Rationale**

The Company has utilized a loan facility from Bangkok Bank and internal resources to subscribe for new ordinary shares of Yoma Bank. This will support Yoma Bank's growth and ensure its compliance with regulatory capital requirements. Yoma Bank is a major part of the Group's 'three pillar' strategy with an emphasis on the Financial Services, Real Estate and Healthcare sectors. The Company strongly believes in Yoma Bank's growth potential and has therefore provided the capital necessary to assist Yoma Bank in its expansion plans.

The Company may carry out capital increases from time to time as necessary to reinforce the financial foundation of its subsidiaries.

By Order of the Board

Tun Tun

Executive Director

3 August 2016

**FIRST MYANMAR INVESTMENT CO., LTD.**
YSX Code 00001
FMI Centre, 10th Floor
380 Bogyoke Aung San Road
Yangon, Myanmar
Tel: (01) 240363
www.fmi.com.mm

## အရေးပါသောလက်အောက်ခံကုမ္ပဏီခွဲတွင် မတည်ရင်းနှီးငွေ တိုးမြှင့်ခဲ့ခြင်းအား အသိပေးကြေညာခြင်း

ဖတ်(စ်)မြန်မာအင်ဗက်(စ်)မဲ့(န်)ကုမ္ပဏီလီမိတက် ("ကုမ္ပဏီ" နှင့် ၎င်း၏လက်အောက်ခံကုမ္ပဏီခွဲများ၊ "ကုမ္ပဏီအုပ်စု") ဒါရိုက်တာအဖွဲ့သည် FMI ကုမ္ပဏီမှ အစုရှယ်ယာ ၅၁% ထည့်ဝင်ပိုင်ဆိုင်ထားသည့် ရိုးမဘဏ်လီမိတက် ("ရိုးမဘဏ်") သို့ အစုရှယ်ယာထပ်မံထည့်ဝင်ခြင်းဖြင့် မတည်ရင်းနှီးငွေတိုးမြှင့်ခဲ့ခြင်းအား အသိပေးကြေညာအပ်ပါသည်။

**မတည်ရင်းနှီးငွေတိုးမြှင့်ခြင်း အသေးစိတ်ဖော်ပြချက်**

| | |
|---|---|
| မတည်ရင်းနှီးငွေတိုးမြှင့်ခြင်း (ကုမ္ပဏီမှထည့်ဝင်ငွေ) | ကျပ် ၇,၁၄၀ သန်း |
| မတည်ရင်းနှီးငွေတိုးမြှင့်ခြင်းနည်းလမ်း | သာမန်ရှယ်ယာအသစ်များအဖြစ် ထည့်ဝင်ခြင်း |
| မတည်ရင်းနှီးငွေတိုးမြှင့်ခြင်းမတိုင်မီ ရိုးမဘဏ်အစုရှယ်ယာရှင်များ၏ ရပိုင်ခွင့်များ | ကျပ် ၆၉,၉၂၇.၅၄ သန်း * |
| မတည်ရင်းနှီးငွေတိုးမြှင့်ပြီးနောက် ရိုးမဘဏ်အစုရှယ်ယာရှင်များ၏ ရပိုင်ခွင့်များ | ကျပ် ၇၈,၆၁၁.၉၁ သန်း |

* ၂၀၁၆ ခုနှစ်၊ ဧပြီလ (၂၇)ရက် နေ့စွဲဖြင့် ကုမ္ပဏီမှနောက်ဆုံးရင်းနှီးငွေ တိုးမြှင့်ခဲ့ချိန်မှစ၍ ရိုးမဘဏ်၏ အစုရှယ်ယာပိုင်ဆိုင်ခွင့်သည် လက်ကျန်အမြတ်နှင့် သီးသန့်ရံပုံငွေ တိုးပွားလာခြင်းကြောင့် တိုးမြှင့်လာခဲ့ပါသည်။

**မတည်ရင်းနှီးငွေတိုးမြှင့်ရခြင်း အခြေခံအကြောင်း**

ကုမ္ပဏီသည် ရိုးမဘဏ်၌ အစုရှယ်ယာအသစ်များ ထည့်ဝင်နိုင်ရန်အတွက် ဘန်ကောက်ဘဏ်မှရရှိသည့် ချေးငွေအထောက်အပံ့နှင့် ကုမ္ပဏီရှိ လည်ပတ်ငွေတို့ကို အသုံးချခဲ့ပါသည်။ ဤသို့မတည်ငွေရင်း ထည့်ဝင်တိုးမြှင့်ခြင်းသည် ရိုးမဘဏ်၏တိုးတက်မှုကို အထောက်အကူ ဖြစ်စေမည်ဖြစ်ပြီး ၎င်း၏ ပုံမှန်မတည်ရင်းနှီးငွေ ထိန်းသိမ်းခြင်းစည်းကမ်းချက်များနှင့် ကိုက်ညီစေမည်ဖြစ်ပါသည်။ ဘဏ္ဍာရေးဆိုင်ရာ ဝန်ဆောင်မှုကဏ္ဍ၊ အိမ်ရာဖော်ထုတ်တည်ဆောက်ရေးကဏ္ဍနှင့် ကျန်းမာရေးဝန်ဆောင်မှုကဏ္ဍများအပေါ် အလေးထားသည့် ကုမ္ပဏီအုပ်စု၏ မဏ္ဍိုင်(၃)ရပ်အနက် ရိုးမဘဏ်သည် အဓိကအစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်ပါသည်။ ရိုးမဘဏ်၏ တိုးတက်မှု အလားအလာကို ကုမ္ပဏီအနေဖြင့် ခိုင်မာစွာယုံကြည်ထားပါသည်။ ထို့ကြောင့် ရိုးမဘဏ်၏ တိုးချဲ့မှုအစီအစဉ်များတွင် အကူအညီ ပေးနိုင်ရန် လိုအပ်သည့် မတည်ရင်းနှီးငွေအား ထောက်ပံ့ပေးခဲ့ခြင်း ဖြစ်ပါသည်။

ကုမ္ပဏီသည် ၎င်း၏လက်အောက်ခံကုမ္ပဏီခွဲများ၏ ဘဏ္ဍာရေးအခြေခံအုတ်မြစ် တောင့်တင်းခိုင်မာစေရန် လိုအပ်သည့်အတွက်ကြောင့် မကြာမကြာ မတည်ငွေရင်းတိုးမြှင့်မှုကို ဆောင်ရွက်နိုင်ပါသည်။

ဒါရိုက်တာအဖွဲ့၏အမိန့်အရ

ထွန်းထွန်း

အမှုဆောင်ဒါရိုက်တာ

၂၀၁၆ ခုနှစ်၊ ဩဂုတ်လ (၃)ရက်။

**FIRST MYANMAR INVESTMENT CO., LTD.**
YSX Code 00001
FMI Centre, 10th Floor
380 Bogyoke Aung San Road
Yangon, Myanmar
Tel: (01) 240363
www.fmi.com.mm